# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**September 10, 2024** **Volume 82, Number 7**


| ၁၀.၉.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၂၈ ကျပ် |


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ**

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အောင်လံမြို့နယ်၌ ပဲတီစိမ်းသစ်များ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ မြို့လှ(ရွာမ)၊ မြို့လှ(ချိုင်းစု)၊ မြို့လှ(ကျောင်းစု)စသည့် ကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို အဓိကထား၍ နှစ်စဉ် စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းသီးနှံကို တစ်နှစ်လျှင် မိုးနှင့်ဆောင်းနှစ်ရာသီစိုက်ပျိုးကြပြီး ယခုနှစ်တွင် ပဲတီစိမ်းစိုက်ဧက ၁၂၀ ခန့် စိုက်ပျိုးထားရှိကြောင်းသိရသည်။ မိုးပဲတီစိမ်းကို ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး ဩဂုတ်လကုန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ပဲတီစိမ်း(မြကြေးမုံ)မျိုးနှင့် ပဲတီစိမ်း(ကျောက်စိမ်း)မျိုးများကို စိုက်ပျိုးကြပြီး ပဲတီစိမ်း(မြကြေးမုံ)မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ၈ ပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် တစ်ဧကလျှင် ကျပ် ၄၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၆ - ၁၉ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ ပထမပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၅,၀၀၀-၅၈,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ကျပ် ၆၅၀,၀၀၀ ခန့် ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် အောင်လံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့်

တရုတ်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ ပဲတီစိမ်းအထွက်နှုန်းမှာ ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ပြည်တွင်းမှစိုက်ပျိုးထုတ်လုပ်သည့် ထောပတ်သီးသုံးမျိုးအနက် ဗီယက်နမ်မျိုးထောပတ်သီး ဈေးကောင်းရ



ပြည်တွင်း၌ ထောပတ်သီးစိုက်ပျိုးသည့် ဗီယက်နမ်မျိုးဖြစ်သော ၀၃၄ ထောပတ်သီးမှာ တစ်ကီလိုလျှင် ကျပ် ၇၀၀၀ ဝန်းကျင်ဖြင့် ဈေးကောင်းရနေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူးကပြောသည်။

စက်တင်ဘာလတွင် အမရာ ထောပတ်သီးမျိုးနှင့် ဘာဂေးနီးယား မျိုးထောပတ်သီးများ ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ပြီး Hass မျိုးထောပတ်သီးမှာ အောက်တိုဘာလကုန်လောက်တွင် ပေါ်မည်ဖြစ်သည်ဟု ဆိုသည်။ " ၁၂ ရာသီစားသုံးနိုင်ဖို့ ထောပတ်သီးစားနိုင်အောင် အသီးပေါ်ချိန်မတူတဲ့ ပြည်ပမျိုးတွေဖြစ်တဲ့ ဗီယက်နမ်မျိုး ၀၃၄ ထောပတ်နဲ့ ထိုင်းမျိုး-ဘာဂေးနီးယားထောပတ်ပင်တွေစိုက်ကြတယ်။ ၀၃၄ ထောပတ်က အခုမှစပေါ်တာဆိုတော့ ဈေးကရှေ့ဆုံးကပြေးနေတယ်။ မြန်မာ့ရေမြေနဲ့ကိုက်ညီပြီး အရသာကောင်းကြပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိ ထောပတ်သီးပေါက်ဈေးများအရ ၀၃၄ ထောပတ်မှာ ကျပ် ၇၀၀၀ ဝန်းကျင်၊ အမရာထောပတ်သီးမှာ ကျပ် ၆၀၀၀ ဝန်းကျင်နှင့် ဘာဂေးနီးယားထောပတ်မှာ ကျပ် ၅၀၀၀ ဝန်းကျင်ရှိပြီး လက်လီဈေးကွက်တွင် ယင်းဈေးနှုန်းများထက် ပိုမည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလကုန်နှင့်နိုဝင်ဘာလဆန်းမှစ၍ Hass ထောပတ်သီးများ စားသုံးသူဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်သည်။

"ဒီနှစ်ထောပတ်သီးအထွက်နှုန်းက အချို့ဒေသတွေမှာ ထွက်နှုန်းနည်းတယ်။ ကျွန်တော့်ခြံမှာဆိုရင် အပင်အတွက်ဖြည့်ဆည်းရမဲ့ အစာကျွေးတာလျော့လိုက်လို့ အထွက်နှုန်းထက်ဝက်လောက်ကျသွားတယ်။ ပြောရရင် သွင်းအားစုဈေးနှုန်းတွေမြင့်လို့ လျှော့ချလိုက်တာရော မိုးကောင်းလွန်းတော့ မှိုကျတာလည်းပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာ့ထောပတ်သီးကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိသော်လည်း ထွက်ရှိမှုနည်းပါးခြင်း၊ တင်ပို့သည့်စရိတ်ကြီးမြင့်ခြင်း၊ သိုလှောင်နိုင်သည့် အခြေခံအဆောက်အအုံများ လိုအပ်ခြင်းတို့ကြောင့် တင်ပို့နိုင်မှုနည်းပါးကြောင်း၊ အခြားနိုင်ငံများထက် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရာ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး ဒူဘိုင်းနှင့်မလေးရှားနိုင်ငံများမှ ကမ်းလှမ်းမှုများလည်းရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဖွဲ့နုဆီစက်ရုံစီမံကိန်းအတွက် အိန္ဒိယမှ စက်ပစ္စည်း တင်သွင်းတပ်ဆင်မည်

မြန်မာ့ပထမဆုံး ဖွဲ့နုဆီထုတ် စက်ရုံစီမံကိန်းအတွက် အိန္ဒိယနိုင်ငံကနေ စက်ပစ္စည်းတွေ တင်သွင်းတပ်ဆင်သွားမယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) ကနေ သိရပါတယ်။

လက်ရှိဆောင်ရွက်နေတဲ့ စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိပြီး စက်ပစ္စည်းတင်သွင်းမဲ့အပိုင်းကို တစ်ပါတည်းဆောင်ရွက်နေတယ်လို့ MRF တာဝန်ရှိသူကဆိုပါတယ်။ အခုကတော့ တည်ဆောက်ရေးလုပ်နေတာရယ် နောက်ပြီးတော့ အိန္ဒိယနိုင်ငံကနေ စက်ပစ္စည်းတင်သွင်းတဲ့ အပိုင်းတွေ လုပ်နေပါတယ်လို့ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က အင်တာဗျူးတစ်ခုမှာ

ပြောကြားထားပါတယ်။

ဖွဲ့နုဆီကြမ်းနဲ့ဆီချောပါဝင်တဲ့စက်ရုံကနေ တစ်နှစ်ကို ဆီကြမ်းတန်ချိန် ၉၀၀၀ နဲ့ ဆီချောတန်ချိန် ၆၃၀၀၊ စုစုပေါင်း ဖွဲ့နုဆီတန်ချိန် ၁၅,၃၀၀ ခန့် ထုတ်လုပ်နိုင်ဖို့ ရည်မှန်းထားပါတယ်။ ရွှေ့ပြောင်းစီမံကိန်းအဖြစ် တည်ဆောက်နေတဲ့ နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်က MAPCO ဆန်စက်ဝန်းက ဖွဲ့နုဆီစက်ရုံကို MRF ဦးဆောင်မှုနဲ့ ယခုနှစ် ဖေဖော်ဝါရီမှာ စတင်အကောင်အထည်ဖော်ခဲ့တာပါ။ လက်ရှိကတော့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လုပ်နေပါတယ်။ စီမံကိန်းကတော့ လာမဲ့ ၂၀၂၅ နှစ်ဆန်းပိုင်းမှာပြီးမှာပါလို့ ဦးရဲမင်းအောင်ကဆိုထားပါတယ်။ MRF အနေနဲ့ နေပြည်တော်က ရွှေ့ပြောင်းစီမံကိန်း အပါအဝင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ပဲခူးတိုင်းဒေသကြီးတို့မှာ ဖွဲ့နုဆီစက်ရုံ ၁၀ ရုံ တည်ဆောက်သွားဖို့ လျာထားပါတယ်။

စက်ရုံကထွက်ရှိလာမဲ့ ဖွဲ့နုဆီတွေကို ပြည်တွင်းဈေးကွက်အတွက် ဦးစားပေးရောင်းချသွားမှာဖြစ်ပြီး ပိုလျှံပါက ဂျပန်၊ တောင်ကိုရီးယားနဲ့ဥရောပနိုင်ငံတွေထံ တင်ပို့သွားမယ်လို့ အသင်းချုပ်ကပြောထားပါတယ်။ ပြည်တွင်းမှာ နှစ်စဉ် စားသုံးဆီ သုံးစွဲမှုအနေနဲ့ တန်ချိန် ၁၂ သိန်းခန့်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုအနေနဲ့ တန်ချိန် ၃ သိန်းခန့်သာရှိပါတယ်။ လက်ရှိ ပြည်တွင်း ဈေးကွက်အတွင်း စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၇,၀၀၀ နှုန်းနဲ့ ပေးဝယ်နေရပြီး ပြည်တွင်းထုတ် ပဲဆီတစ်ပိဿာဈေး ၂၈,၀၀၀ ကျပ် ပေါက်ဈေးရှိပါတယ်။

**Source:BETV Business**

## ကမ္ဘောဒီးယားနိုင်ငံဆန်တင်ပို့ရန် နိုင်ငံ ၉ ခုတွင် ဈေးကွက်သစ်များရရှိ

ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဖြစ်သူ Chan Sokheang က ယခုနှစ်တွင် ကမ္ဘောဒီးယား၏ ဆန်တင်ပို့မှုသည် များစွာသောကျွန်းများနှင့် နိုင်ငံ ၉ ခုပါဝင်သော ဈေးကွက်အသစ်များသို့ တိုးချဲ့လိမ့်မည်ဖြစ်ပြီး ဝယ်ယူသူအများစုမှာ ဆန်မွှေး ဝယ်ယူကြကြောင်း ပြောကြားခဲ့သည်။ Chan Sokheang က ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကမ္ဘောဒီးယားသည် ၎င်းတို့ဆန်မွှေးကို ဂျပန်သို့ ၁၄၀ တန်၊ လက်ဗီးယားသို့ ၃၅၀ တန်၊ လက်ဘနွန်သို့ ၂၂ တန်၊ UAE သို့ ၃၁၉ တန်၊ အာဖရိကသို့ ၅၂ တန်၊ ကိုမိုရို့စ်ကျွန်းများသို့ ၂၅ တန်၊ မကာအိုသို့ ၈၅ တန်၊ နယူးကယ်လီဒိုးနီးယားသို့ ၂၁၃၅ တန်နှင့် မာတင်နီသို့ ၆၄ တန် တင်ပို့ခဲ့ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် ဥက္ကဋ္ဌက အဆိုပါဈေးကွက်များသို့ ဆန်တင်ပို့သည့်ပမာဏမှာ သေးငယ်နေဆဲ ဖြစ်ကြောင်းနှင့် အဓိကအားဖြင့် စမ်းသပ်ရန်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Chen သည် အဆိုပါ ဈေးကွက်များသို့ ပိုမိုများပြားသော ဆန်ပမာဏကိုတင်ပို့ရန် မျှော်လင့်နေပြီး အဘယ်ကြောင့်ဆိုသော် ကမ္ဘောဒီးယားသည် ၎င်းတို့၏ အရည်အသွေးမြင့်မားသောဆန်ကြောင့် လူသိများခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်၏ ပထမ ၇ လတာကာလတွင် ကမ္ဘောဒီးယားသည် အမေရိကန်ဒေါ်လာသန်း ၂၈၀ တန်ဖိုးရှိသော ဆန်တန်ချိန် ၃၇၉,၅၄၆ တန်ကို ဈေးကွက် ၆၄ ခုသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ အဆိုပါ တင်ပို့သည့်ဆန်ပမာဏထဲမှ ၇၀ ဒသမ ၅၂ ရာခိုင်နှုန်းသည် ဆန်မွှေး၊ ၂၄ ဒသမ ၃၀ ရာခိုင်နှုန်းသည် ဆန်ဖြူ၊ ၃ ဒသမ ၁၆ ရာခိုင်နှုန်းသည် ပေါင်းဆန်၊ ၁ ဒသမ ၇၄ ရာခိုင်နှုန်းသည် အော်ဂဲနစ်ဆန်နှင့် အခြားအမျိုးအစား ၀ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**Source: Khmer Times**

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၈ လအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ၈ လတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၇ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံး (GSO) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြန်လည်သုံးသပ်သည့်ကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၁၁ ဘီလီယံကျော်ရှိပြီး ယခင်နှစ် အလားတူကာလထက် ၁၆ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ပို့ကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၆၅ ဘီလီယံနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၂၄၆ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။

ပြည်တွင်းကဏ္ဍသည် ပို့ကုန်တန်ဖိုး၏ ၂၇ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၈၈ ဘီလီယံရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ (ရေနံစိမ်းအပါအဝင်)တွင် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၁ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ၈ လအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိပြီး ပို့ကုန်စုစုပေါင်း၏ ၉၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ အထူးသဖြင့် ၆ နိုင်ငံမှ ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိပြီး နိုင်ငံ၏ စုစုပေါင်းကိန်းဂဏန်း၏ ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သွင်းကုန်တန်ဖိုးအနေဖြင့် ပြည်တွင်းကဏ္ဍသည် ၁၉ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကာ အမေရိကန် ဒေါ်လာ ၈၉ ဒသမ ၅၈ ဘီလီယံနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ၁၅၆ ဒသမ ၄၄ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။

ဩဂုတ်လတစ်လတည်းတွင် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆၅ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ကိန်းဂဏန်းများအရ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅၉ ဘီလီယံရှိပြီး ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးလာပြီး သွင်းကုန်မှာ တစ်လလျှင် ၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကာ အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၀၆ ဘီလီယံအထိရှိခဲ့သည်။

အမေရိကန်သည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးသွင်းကုန် ဈေးကွက်ဖြစ်ပြီး ၇၇ ဒသမ ၉ ဘီလီယံရှိကာ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးပို့ကုန်မိတ်ဖက်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၃ ဘီလီယံဖြင့် တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

အထွေထွေစာရင်းအင်းရုံး၏ ညွှန်ကြားရေးမှူးဟောင်းဖြစ်သူ Mr Nguyen Bich Lam က ဗီယက်နမ်၏ ပို့ကုန်သည် ၂၀၂၄ ခုနှစ် ကျန်လေးလအတွင်း တစ်လထက်တစ်လ တိုးလာပါက ယခုနှစ်တွင် ၎င်း၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် စံချိန်တင်ခဲ့သည့် အမေရိကန် ဒေါ်လာ ၃၇၁ ဒသမ ၈၂ ဘီလီယံကျော်လွန်ကာ အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံထိ စံချိန်တင်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

**Source: VN Express International**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade.gov.mm/

## ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ဒူးရင်းသီး တင်သွင်းမှုအတွက် ဒုတိယအကြီးဆုံး ဝင်ပေါက်ဖြစ်လာ

ယူနန်ပြည်နယ်မှ ဒူးရင်းသီးတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်ဝက်တွင် မက်ထရစ်တန် ၁၅၁,၀၀၀ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ အလားတူကာလထက် ၂၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် သွင်းကုန်တန်ဖိုးသည် ၂၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တရုတ်ယွမ် ၅ ဒသမ ၀၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၀၇ သန်း)ရှိခဲ့ကာ တရုတ်နိုင်ငံ၏ ဒူးရင်းသီး တင်သွင်းမှု စုစုပေါင်းတန်ဖိုး၏ ၁၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ် ပထမနှစ်ဝက်တွင် ဒူးရင်းသီးတင်သွင်း မှုစုစုပေါင်း တန်ဖိုး၏ ၁၅ ဒသမ ၂ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဒူးရင်းသီးတင်သွင်းမှုပမာဏနှင့် တန်ဖိုး

နှစ်ခုစလုံးသည် တရုတ်နိုင်ငံ၏ ပြည်နယ်များအကြားတွင် ဒုတိယနှင့် တရုတ်နိုင်ငံအနောက်ပိုင်းတွင် ပထမဖြစ်လာကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှဇွန်လအတွင်း ယူနန်ပြည်နယ်သည် ထိုင်းနိုင်ငံမှဒူးရင်းသီး မက်ထရစ်တန် ၉၂,၀၀၀ တင်သွင်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ယွမ် ၃ ဒသမ ၄၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၈၂ သန်း)ရှိကြောင်း၊ ဤပမာဏသည် တရုတ်နိုင်ငံသို့ ထိုင်းဒူးရင်း တင်သွင်းမှုအားလုံး၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ကွမ်တုန်းပြည်နယ်ပြီးလျှင် ဒုတိယမြောက်အများဆုံးဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဗီယက်နမ်မှ ဒူးရင်းသီး တင်သွင်းမှုသည် စုစုပေါင်း မက်ထရစ်တန် ၅၉,၀၀၀ ရှိကာ တန်ဖိုးယွမ် ၁ ဒသမ ၆ ဘီလီယံအမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိပြီး တရုတ်နိုင်ငံသို့ ဗီယက်နမ်မှ ဒူးရင်းသီးတင်သွင်းမှုစုစုပေါင်း၏ ၂၀ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ပထမအဆင့်တွင်ရှိကြောင်း၊ ရထားလမ်း၊ ကားလမ်းနှင့်မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးကဲ့သို့သော သယ်ယူပို့ဆောင်ရေးပုံစံအမျိုးမျိုးသည် ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှု အရှိန်အဟုန်ဖြင့် တိုးတက်မှုကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

တရုတ်-လာအို ရထားလမ်း စတင်ဖွင့်လှစ်ပြီးကတည်းက ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ အကောက်ခွန်အချက်အလက်များအရ ရထားလမ်းကြောင်းမစတင်မီ ၂၀၂၁ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီးတင်သွင်းမှုသည် တရုတ်တစ်နိုင်ငံလုံးစုစုပေါင်း၏ ၇ ဒသမ ၇ ရာခိုင်နှုန်းသာရှိပြီး တရုတ်နိုင်ငံတွင် အဆင့် ၅ နေရာတွင် ရှိကြောင်း သိရသည်။

ရထားလမ်းစတင်ဖွင့်လှစ်ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ယူနန်ပြည်နယ်၏ ဒူးရင်းသီး တင်သွင်းမှုသည် တစ်နိုင်ငံလုံး၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိ၍ နှစ်ဆနီးပါးတိုးလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒုတိယနေရာသို့ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်-လာအို ရထားလမ်းကြောင်းတွင် ပြေးဆွဲနေသည့် Lancang-Mekong Express ကုန်စည်ရထားသည် ထိုင်းဒူးရင်းသီး အမြောက်အမြားကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးကာ ယူနန်ပြည်နယ် မိုဟန်ဆိပ်ကမ်းသည် တရုတ်ဈေးကွက်သို့ သစ်သီးများ ဝင်ပေါက်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် ဒူးရင်းသီး တန်ချိန် ၆၀,၀၀၀ သယ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၁၅ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ယွမ်ငွေ ၂ ဒသမ ၂၈ ဘီလီယံ (အမေရိကန် ဒေါ်လာ သန်း ၃၂၀)ရှိကာ အလားတူကာလထက် ၁၄၀ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

ထို့အပြင် ယူနန်ပြည်နယ်တွင် တည်ရှိသည့် တရုတ်-ဗီယက်နမ်နယ်စပ်ရှိ အဓိကကုန်းလမ်းဖြစ်သည့် Hekou နယ်စပ်ဂိတ်မှ တစ်ဆင့် ဗီယက်နမ်ဒူးရင်းသီးအမြောက်အများကို တရုတ်နိုင်ငံသို့ တင်သွင်းလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂ နှစ်အတွင်း Hekou ဂိတ်မှတစ်ဆင့် ဗီယက်နမ်ဒူးရင်းသီး တင်သွင်းမှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ဗီယက်နမ်ဒူးရင်းသီး လတ်လတ်ဆတ်ဆတ်များကို ဈေးကွက်သို့ တရားဝင် ဝင်ရောက်ခွင့်ပြုခဲ့ပြီး ပထမအသုတ်ကို ထိုနှစ် အောက်တိုဘာလတွင် Hekou ဂိတ်မှတစ်ဆင့် တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါဂိတ်သည် ၎င်း၏တည်နေရာအားသာချက်ကြောင့် တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှု အများဆုံးနေရာတစ်ခု ဖြစ်လာကြောင်း၊ ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်ဒူးရင်းသီး မက်ထရစ်တန်ချိန် ၅၉,၀၀၀ တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၂၇၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကာ စုစုပေါင်း တင်သွင်းမှုတန်ဖိုး ယွမ် ၁ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၅၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမည့် သစ်သီးများအတွက် မကြာသေးမီက ခွင့်ပြုခဲ့သော ယူနန်ပြည်နယ် Guanlei မြစ်ဆိပ်ကမ်းသည် လန်ချန်း-မဲခေါင်မြစ်တစ်လျှောက်မှ ဒူးရင်းသီးများ တင်သွင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ အဆိုပါ ဆိပ်ကမ်းသည် ယူနန်ပြည်နယ်သို့ ရေကြောင်းမှတင်သွင်းသည့် သစ်သီးဝလံများကိုစစ်ဆေးရန်

သတ်မှတ်ထားသော တစ်ခုတည်းသော စစ်ဆေးရေးနေရာဖြစ်ကြောင်း သိရသည်။

ရေလမ်းဖြင့် ပထမဆုံးတင်ပို့သည့် ဒူးရင်းသီးများသည် ထိုင်းနိုင်ငံ ချင်းဆန်ဆိပ်ကမ်းမှ မြစ်အထက်ပိုင်းသို့ ဆန်တက်လာပြီး Guanlei ဆိပ်ကမ်းသို့ ၂ ရက်အကြာတွင် ရောက်ရှိလာခဲ့ကြောင်း၊ Guanlei ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းလာသော သစ်သီးဝလံအများစုမှာ ထိုင်းနှင့် အခြားအာဆီယံနိုင်ငံများမှ ထွက်ရှိသော ဒူးရင်းသီး၊ မင်းဂွတ်သီးနှင့် လောင်ဂန်သီးများဖြစ်ကြောင်း၊ ၎င်းဆိပ်ကမ်းမှတစ်ဆင့် သစ်သီးတင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၁၅၀,၀၀၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၃၀၀,၀၀၀ သို့ရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

**Source: https://www.producereport.com/article/yunnan-booms-chinas-second-largest-gateway-durian-imports**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကိုထိန်းချုပ်ရန် အရေးကြီးကြောင်း အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (FSSAI) အလေးပေးပြောကြား

အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (The Food Safety and Standards Authority of India- FSSAI) ၏ အမှုဆောင်ဒါရိုက်တာ Inoshi Sharma က ကောက်ပဲသီးနှံများ၊ သစ်သီးများနှင့် ဟင်းခတ်အမွှေးအကြိုင်များတွင် အများဆုံးခါတ်ကြွင်းပါဝင်မှုအဆင့်များ (Maximum Residue Levels) ကို ပြဋ္ဌာန်းရန်၊ ပုံမှန်စစ်ဆေးမှုများပြုလုပ်ရန်နှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်း၏ အန္တရာယ်များကို ဝယ်ယူသူများအား အသိပညာပေးရန် တောင်းဆိုခဲ့သည်။ စားသောက်ကုန်ကဏ္ဍ တိုးတက်မှုအတွက် စိုက်ပျိုးရေး ကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ရန် အရေးကြီးကြောင်း FSSAI က မကြာသေးမီက မီးမောင်းထိုးပြခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၇ ရက်က ဖော်ပြသည်။

ကော်လ်ကတ္တား စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (Kolkata-FSSAI) က စိုက်ပျိုးရေးကုန်ကြမ်းများတွင် ဓာတုညစ်ညမ်းမှုကို ထိန်းချုပ်ခြင်းသည် စားသောက်ကုန်ကဏ္ဍကိုမြှင့်တင်ရန် မရှိမဖြစ်လိုအပ်ကြောင်း စက်တင်ဘာလ ၇ ရက်က အခိုင်အမာပြောကြားခဲ့သည်။

FSSAI အမှုဆောင်ဒါရိုက်တာ Inoshi Sharma က ကောက်ပဲသီးနှံများ၊ သစ်သီးများနှင့် ဟင်းခတ်အမွှေးအကြိုင်များတွင် အများဆုံးခါတ်ကြွင်းပါဝင်မှုအဆင့်များ (MRLs) ကို ပြဋ္ဌာန်းခြင်းသည် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘာရက်ကုန်သည်စက်မှုအသင်း (Bharat Chamber of Commerce) မှ စီစဉ်ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ပုံမှန်စစ်ဆေးမှုများပြုလုပ်ရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသော ထုတ်ကုန်များကို လယ်ယာလုပ်ငန်းခွင်မှ စတင်ထွက်ရှိလာချိန်၌ပင် ငြင်းပယ်မှုပြုရန်လိုအပ်ကြောင်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။

Sharma သည် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် စိုက်ပျိုးရေးကုန်ကြမ်းများတွင် ညစ်ညမ်းမှုဖြစ်စေနိုင်သည့် ဆိုးကျိုးများအကြောင်း ဝယ်ယူသူများအား အသိပညာပေးခြင်း၏ အရေးပါမှုကိုလည်း အလေးပေးဖော်ပြခဲ့သည်။ အဆိုပါကိစ္စကို ဖြေရှင်းဆောင်ရွက်ရန် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် Sharma က တိကျသော ကုန်ပစ္စည်းအညွှန်း အမှတ်အသား ဖော်ပြရန်လိုအပ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်း အဖွဲ့အစည်းများ (Food Business Organizations-FBOs) အနေဖြင့် စားသုံးသူများ အထင်အမြင်လွဲမှားစေသော ဖော်ပြချက်များကို ရှောင်ရှားရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ၎င်းအနေဖြင့် FBOs များအကြားတွင် 'ကိုယ်တိုင်

ကိုက်ညီမှုရှိခြင်း (Self-Compliance) ဆိုင်ရာ ယဉ်ကျေးမှုရှိရေးကို ထောက်ခံအားပေးပြီး စံချိန်စံညွှန်းများကို လိုက်နာမှုရှိစေရန် အတွက် လက်မှတ်ရ third parties ကို ခန့်အပ်ရန်လည်း အကြံပြုပြောကြားခဲ့သည်။

Bharat Chamber မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Naresh Pachisia က သီးနှံများ ထုတ်လုပ်စဉ်က အသုံးပြုသည့် ဓာတုဓါတ်ကြွင်းများကို ရှာဖွေတွေ့ရှိခြင်းကြောင့် အစားအသောက်ပြုပြင် ထုတ်လုပ်သူများအတွက် နစ်နာဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်စေပြီး၊ ကိစ္စအများအပြားတွင် ပြုပြင်ထားသော အစားအသောက်များ ပြည်ပသို့တင်ပို့ရောင်းချမှုကို ဖျက်သိမ်းခံရခြင်းမျိုး တွေ့ကြုံရလေ့ရှိကြောင်း ထောက်ပြပြောကြားခဲ့သည်။ စိုက်ပျိုးရေးနှင့် လယ်ယာလုပ်ငန်းခွင်များနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းစဉ်များတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ အသိပညာရှိမှုနှင့် သတိထားသုံးစွဲမှု တိုးမြင့်လာစေရန် ၎င်းကတောင်းဆိုခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (FSSAI) အနေဖြင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များတွင် ပိုးသတ်ဆေးနှင့်ဓါတုဓါတ်ကြွင်းများပါဝင်မှုကို ထိန်းချုပ်ရန်နှင့်အသိပညာပေးရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များနှင့် ပြုပြင်ပြီးစားသောက်ကုန် များကို အိန္ဒိယနိုင်ငံသို့ တင်သွင်းမည်ဆိုပါက စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန်နှင့် ထုတ်ကုန်ပစ္စည်းအညွှန်းအမှတ်အသားများကိုလည်း တိကျစွာဖော်ပြရန်လိုအပ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရည်ညွှန်း။ The Hindu Businessline: FSSAI stresses importance of controlling chemical contamination in agricultural raw materials, September 7, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (10.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 8,900 | 734 | 6,605,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 343 | 1,183,300 | 38,929,150 | 134,306 |
| MCB | 00003 | 8,700 | -500 | -5.43% | 9,200 | 9,200 | 8,700 | 3 | 27,100 | 10,400,986 | 90,489 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,750 | 1,345 | 2,404,050 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 372 | 1,041,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 159 | 277,850 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 338 | 1,149,200 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.56 | -3.54 | -0.85% | 414.31 | 415.10 | 410.24 | 3,294 | 12,688,800 | 8 | 776,269 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 10th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,368 (Shares) | 7,845,950 (MMK) |

| MYANPIX | 408.64 ▼ 2.92 |
|---|---|
| Total Volume (shares) | 2,368 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 770,769 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 8,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 50 |